# သဘာဝသံယံဇာတ တူးဖော်ထုတ်လုပ်ရေးနှင့် ပတ်သက်သော အလုပ်ရုံဆွေးနွေးပွဲများ ရခိုင်တွင် ပြုလုပ်မည်

သတင်းရင်းမြစ် > ကေဇင်ဦး
အင်္ဂါနေ့၊ အောက်တိုဘာလ ၂၂ ရက် ၂၀၁၃ ခုနှစ် ၀၉ နာရီ ၅၃ မိနစ်

---

သဘာဝသံယံဇာတများ တူးဖော်သည့် စီမံကိန်းများရှိသည့် ရခိုင်ပြည်နယ်၌ သယံဇာတများ တူးဖော်ရာတွင် ပွင့်လင်း
မြင်သာမှုနှင့်မျှတမှုများကို ပြည်သူများ သိရှိနားလည်စေရန်အတွက် တွင်းထွက်သယံဇာတ တူးဖော်ရေး ပွင့်လင်း
မြင်သာမှု ဖော်ဆောင်ရေးလုပ်ငန်းများနှင့် ပတ်သက်သော အလုပ်ရုံဆွေးနွေးပွဲများ ကို
ပြုလုပ်သွားမည်ဖြစ်သည်ဟု အဆိုပါဆွေးနွေးပွဲများ စီစဉ်သည့် ဝံလက်ဖောင်ဒေးရှင်းမှ ဦးခိုင်ကောင်း စံက
မဇ္ဈိမကို အောက်တိုဘာ ၂၁ ရက်တွင်
ပြောသည်။

အဆိုပါ အလုပ်ရုံဆွေးနွေးပွဲများတွင် ရခိုင်ဒေသရှိ သယံဇာတ ထုတ်ယူမှုများနှင့် ပတ်သက်ပြီး ရှင်းလင်းခြင်း
ဖြစ် သည်။

ဦးခိုင်ကောင်းစံက "ရခိုင်ပြည်နယ်မှာ စီမံကိန်းတွေ များစွာရှိနေတယ်။ ဒါကို ဆောင်ရွက်တဲ့အခါမှာ
ပြည်သူလူထုနဲ့ အစိုးရကြား ပွင့်လင်းမြင်သာမှုရှိအောင် လူထုကလည်း မိမိရသင့်ရထိုက်တာကို သိအောင်
ရခိုင်ပြည်နယ်မြို့နယ် အများစုမှာ လုပ်မှာဖြစ်ပါတယ်"ဟု ပြောသည်။

ယင်းသို့ အလုပ်ရုံဆွေးနွေးပွဲများ ပြုလုပ်ရခြင်းနှင့်ပတ်သက်၍လည်း ၎င်းက "အရပ်ဘက်လူ့အဖွဲ့ အစည်းတွေ
အားကောင်းဖို့နဲ့ ရသင့်ရထိုက်တာကို တောင်းဆိုရဲဖို့ ဖြစ်သင့်တဲ့စီမံကိန်း မဖြစ်သင့်တဲ့ စီမံကိန်းကို သိမြင်ဖို့
ရည်ရွယ် ပါတယ်"ဟုလည်း ဆက်ပြောသည်။

ရခိုင်ပြည်နယ် မြို့နယ်အများစုတွင် ရေအားလျှပ်စစ်စီမံကိန်းများ၊ သဘာဝဓာတ်ငွေ့စီမံကိန်းများ၊ အထူး
စီးပွားရေး ဇုန်များ၊ ဟိုတယ်ဇုန်များ၊ ရေနက်ဆိပ်ကမ်း စသော စီမံကိန်းများ
အကောင်အထည်ဖော်လျက်ရှိသဖြင့် အစိုးရနှင့်
ပြည်သူကြား ပွင့်လင်းမြင်သာမှုရရှိစေရန် ထိုသို့ ရည်ရွယ်ခြင်းဖြစ်ပြီး ၂၀၁၃ ဒီဇင်ဘာလ မကုန်ခင်
တစ်မြို့ချင်းစီသို့ ရှင်းလင်းသွားမည်ဟုလည်း ဦးခိုင်ကောင်းစံက ပြောသည်။

အဆိုပါ အလုပ်ရုံအဆွေးနွေးပွဲကို တစ်မြို့နယ်လျှင် တစ်ရက်စီ ကျင်းပမည်ဖြစ်ပြီး ရခိုင်ပြည်နယ်ရှိ မြို့ နယ် ၁၁
မြို့နယ်တွင် ကျင်းပသွားမည်ဖြစ်ကာ အောက်တိုဘာ ၂၁ ရက်က မြောက်ဦးမြို့တွင် ပြုလုပ်ခဲ့သည်။

အဆိုပါ အစည်းအဝေးသို့ တက်ရောက်ခဲ့သူ မြောက်ဦးမြို့မှ ဦးနင်းထွန်းတိုးက "မြောက်ဦးမှာ
အကောင်အထည်ဖော် ဖို့ရှိတဲ့ လေးမြို့မြစ်စီမံကိန်းဆိုရင် မြစ်ဆုံစီမံကိန်းလိုပဲ မြစ်ကိုဖြတ်ပြီးတမံဆောက်ရမှာ
ဒါကို ပြည်သူက ဖြစ်သင့် မဖြစ်သင့် အပြန်အလှန် ဆွေးနွေးနိုင်အောင် လေ့လာထားဖို့လိုတယ်၊ မသိရင် အစိုးရ
ကို ဘာမှမပြောနိုင်ဘူး လုပ်သလိုခံရမှာပဲလေ"ဟု မဇ္ဈိမကို ပြောကြားခဲ့သည်။

တွင်းထွက်သယံဇာတ တူးဖော်ရေး ပွင့်လင်းမြင်သာမှုဖော်ဆောင်ရေး လုပ်ငန်းကော်မတီ (EITI) အဖွဲ့ဝင်နိုင်ငံ
အဖြစ် မြန်မာနိုင်ငံက ပါဝင်နိုင်ရန် ဒီဇင်ဘာလတွင် အဖွဲ့ဝင်လောင်းအဖြစ်
လျှောက်ထားမည်ဖြစ်ကြောင်းအရပ်ဘက် အဖွဲ့အစည်းများက စက်တင်ဘာလတွင်း
ရန်ကုန်မြို့တွင်ပြုလုပ်သော EITIအလုပ်ရုံဆွေးနွေးပွဲတွင် ပြောကြား ထားသည်။

သယံဇာတ တူးဖော်ရေးလုပ်ငန်းများကို လေ့လာစောင့်ကြည့်နေသော အရပ်ဘက်အဖွဲ့ စည်းများမှ
ကိုယ်စားလှယ် များကို ရွေးချယ်သင်တန်းပေးပြီး အလုပ်အမှုဆောင်အဖွဲ့ ဖွဲ့စည်းရမည်ဖြစ်သည်။ ထို့နောက် ဒီ
ဇင်ဘာလတွင် EITI ရုံးချုပ်ရှိရာ နော်ဝေးနိုင်ငံသို့ အဖွဲ့ဝင်အဖြစ် လျှောက်ထားပြီး ၁၈ လအကြာတွင်
အစီရင်ခံစာ တင်ပြမည် ဖြစ်သည်။

ထိုအစီရင်ခံစာကို မြန်မာနိုင်ငံ အနယ်နယ်အရပ်ရပ်ရှိ အလုပ်အမှုဆောင် အဖွဲ့အစည်းများမှ တစ်နိုင်ငံလုံး

အနေ အထားဖြင့် ရေးသားတင်ပြရမည်ဖြစ်ပြီး EITI မှ ပညာရှင်များ၏ ဆုံးဖြတ်ချက်ဖြင့် အဖွဲ့ဝင်နိုင်ငံအဖြစ် လက်ခံသင့်/ မသင့်ကို တုံ့ပြန်မည်ဖြစ်သည်။ (function(d, s, id) { var js, fjs = d.getElementsByTagName(s)[0]; if (d.getElementById(id)) return; js = d.createElement(s); js.id = id; js.src = "//connect.facebook.net/en_US/all.js#xfbml=1"; fjs.parentNode.insertBefore(js, fjs); }(document, 'script', 'facebook-jssdk')); Post by Mizzima - News in Burmese
.